
ဇော်ဂျီ
ဗေဒါလမ်း ကဗျာစု

# အခန်း (၁)
## မယ့်လမ်းပါလား

ပန်းနီလာ ဗေဒါ ဆင်သလို

ယဉ်လှတယ်လေး။

စုန်ချည် ဆန်ချည်နဲ့

ဒီချောင်းရေ ဗေဒါလမ်းမှာ

တန်းစီလို့လေး။

အို အချင်း ကျူရိုးရှင်။

မဗေဒါ ပြာလဲ့လန်း၊ ကမ်းကပ်မယ် ပြင်။

စံပယ်လှ ပွင့်ဖြူစင်၊ ကမ်းခွင်က ငယ်ကျွမ်း။

သူ့လိပ်ပြာ ခြံအရံနဲ့

သူစံရာ သူပျော်မွေ့ ပြေးတွေ့ချင်စမ်းတဲ့။

တွေ့ချင်တဲ့ စေတနာရယ်။

ငယ်ကျွမ်းဆွေ လွမ်းဝေတေးပေမို့

အေးချိုလှတယ်။

လိပ်ပြာက ဝတ်ရည်သယ်၊ စံပယ်က မအား။

ပွင့်ဖူး တဝေဝေနဲ့

ဒီချောင်းရေ ဗေဒါလမ်း၊ မယ့်လမ်းပါလား။

အိုအချင်း ကျူရိုးရှင်။

မဗေဒါ ပြာလဲ့လန်း၊ ကမ်းကပ်ပြန်ချင်။

ဟိုအကွေ့မှာ လေ

ကိုရင်ဖေ့ ချစ်ရေစင်၊ ပျိုခင်ရဲ့ အနွှဲ့။

ပျို့လက်မှာ မယ်ဗေဒါက

ပျို့မျက်နှာ ချစ်အုံ့ပန်းကို၊ ပြုံး ကြည့်ချင်ငဲ့တဲ့။

ကြည့်ချင်တဲ့ စေတနာရယ်။

သနားဖွယ် ချစ်ဖွယ်တေးပေမို့

အေးချိုလှတယ်

ချစ်စနိုးရယ်နဲ့

မြစ်ရိုးက အပြာခြယ်ကို

ပျိုနယ် လိုက်လေမလား။

ပွင့်ဖူး တဝေဝေနဲ့

ဒီချောင်းရေ ဗေဒါလမ်း၊ မယ့်လမ်းပါလား။

အိုအချင်း ကျိုးရိုးရှင်။

မဗေဒါ ပြာလဲ့လန်း၊ ကမ်းကပ်ပြန်ချင်။

ထီးတော် က တချွင်ချွင်၊ ကွင်းပြင်ကဘုရား။

နေမင်း ညိုချိန်တန်ပေါ့

နိဗ္ဗာန်ကို စိတ်ကြံကူး၊ ဖူးချင်လျက်သားတဲ့။

ဖူးချင်တဲ့ စေတနာရယ်။

နိမ္မိန္ဒ ဂီတာတေးပေမို့ အေးချိုလှတယ်။

ကျွတ်ဆုကိုရွယ်၊ လွယ်ပါတော့ အရ။

ပွင့်ဖူး တဝေဝေနဲ့

ဒီချောင်းရေ ဗေဒါလမ်း၊ မယ့်လမ်းသာပ့ါ။

ချောင်းရေက ဖောင်၊ တောင်လေက သွေး။

ရွက်သင်းယဉ် မြိုင်မြိုင်နဲ့

ပန်းတိုင်ကို ပန်းခိုင်ဆိုက်အောင်။

အားစိုက်ပါလေး။ ။

ရန်ကုန်တက္ကသိုလ် နှစ် လည်စာစောင် (၁၉၅၇-၁၉၅၈)

*

# အခန်း (၂)

## မယ့်လမ်းပါတဲ့

ဒီချောင်းမှာ ရှင်၊ ဗေဒါခင် ပြာလဲ့။

စံပယ်ကို ယိုးမယ်ဖွဲ့၊ ကမ်းကပ်ချင်ခဲ့။

ဒီချောင်းမှာ ရှင်၊ ဗေဒါခင်ပြာလဲ့။

ပျိုမယ်ကို ယိုးမယ်ဖွဲ့၊ ကမ်းကပ်ချင်ခဲ့။

ဒီချောင်းမှာ ရှင်၊ ဗေဒါခင်ပြာလဲ့။

စေတီငယ် ယိုးမယ်ဖွဲ့၊ ကမ်းကပ်ချင်ခဲ့။

လင်းယဉ်နွဲ့ တချီချီ၊

ကျူရိုးရှင် သူ့စကား၊ နားကျခဲ့ပြီ။

ကျွတ်ဆုမြတ် စလွယ်ချည်၊ ဗေဒါရီပြာလဲ့။

စုန်ချည် ဆန်ချည်နဲ့

ဒီချောင်းရေ ဗေဒါလမ်း၊ မယ့်လမ်းပါတဲ့။ ။

ရန်ကုန်တက္ကသိုလ် နှစ် လည်စာစောင် (၁၉၅၉-၁၉၅၉)

* * * * *

# အခန်း (၃)

## ဘယ်ရွာ ဆိပ်ကမ်း

ချောင်းပြင်မှာ စီတန်းလို့

ဗေဒါပန်း ရေကြောင်ဆွဲ မျော်လို့သာနေ။

ကမ်းကွေ့မှာ ခွဲ၊ ကမ်းပြေတော့ စင်း။

သည်ချောင်းရေ လေမခတ်တယ်

စီးတတ်လေခြင်း။

ကျူရိုးရှင် ပီပီမှုတ်လို့

ဘုတ်မကို သူကပြိုင်၊ ချောင်းစပ်မှာ ထိုင်။

ဘုတ်မက တိုင်၊ ကျူကိုင်က အေး။

ရေစီးနဲ့ လာ၊ ရေသာမှာ ပြန်လို့ မြန်းတဲ့

မဗေဒါ စုန်ဆန်ပန်းကို၊ လွမ်းတယ်တဲ့လေး။

စုန်ပါတဲ့ ဆန်ပါ။

ကျူရိုးရှင်း ပီပီကလေးနဲ့၊ တေးချီလို့သာ။

ဘယ်မြို့ကလာ၊ ဘယ်ရွာဆိပ်ကမ်း။

အပွင့်အပြာရောင် နဲ့

ဘယ်သော င်မှာ နေချီအေးလျှင်။

မေးအိပ်မယ်မှန်း။ ။

ရန်ကုန်တက္ကသိုလ် နှစ် လည်စာစောင် (၁၉၅၇-၁၉၅၉)

* * * * *